E.N.C.
Ethnic Nationalities Council (Union of Burma)
တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ)

P. O. Box - 49, Chiang Mai University, Chiang Mai, 50202, THAILAND
Email: <office@encburma.net>, Website: http://www.encburma.net

ရက်စွဲ။ ။ သက္ကရာဇ် ၂၀၁၁ ခုနှစ် ဩဂုတ်လ (၁) ရက်

## ဒေါ်အောင်ဆန်းစုကြည် ၏ "အိတ်ဖွင့်ပေးစာ" အပေါ် တိုင်းရင်းသားလူမျိုးများကောင်စီ (ENC) ၏ သဘောထားထုတ်ပြန်ကြေညာချက်

(၁) မြန်မာနိုင်ငံအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ဖြစ်ပွားနေသော ပြည်တွင်းစစ်ကို အမြန်ဆုံးရပ်စဲပြီး၊ ပဋိပက္ခများကို ငြိမ်းချမ်းစွာဖြေရှင်းကြရန် နှင့် ထိုသို့ အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ပံ့ပိုးရန်အတွက် မိမိကိုယ်တိုင် ကိုယ်စွမ်းရှိသမျှ ပါဝင်ကြိုးပမ်းသွားရန် သက္ကရာဇ် ၂၀၁၁ ခုနှစ် ဇူလိုင်လ (၂၈) ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်မှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ကချင်လွတ်မြောက်ရေး (KIO)၊ ကရင်အမျိုးသားအစည်းအရုံး (KNU)၊ မွန်ပြည်သစ်ပါတီ (NMSP)၊ ရှမ်းပြည်တပ်မတော် (SSA) ထံသို့ "အိတ်ဖွင့်ပေးစာ" အပေါ် မိမိတို့ တိုင်းရင်းသားလူမျိုးများကောင်စီ (ENC) မှ အလေးအနက်ကြိုဆိုသည်။

(၂) မြန်မာပြည်တွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများတို့သည် ခေတ်အဆက်ဆက်ကပင် အချင်းချင်း အကြား အေးအတူ ပူအမျှ လက်တွဲ အတူနေထိုင်လာခဲ့ကြသည့် အလျောက် လက်ရှိ ပြည်ထောင်စုသား အချင်းချင်းအကြားရှိ ပဋိပက္ခများကိုလည်း အပြန်အလှန် နားလည်မှု၊ ချစ်ကြည်ရင်းနှီးမှု၊ ယုံကြည်မှု တို့ဖြင့် "သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးမှု" ဖြင့်သာ အဖြေရှာသင့်သည်။

(၃) လက်ရှိ မြန်မာနိုင်ငံအစိုးရမှလည်း ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန် တိုင်းရင်းသား လူမျိုးများ၊ ဒီမိုကရေစီအင်အားစုများ အားလုံးပါဝင်နိုင်သည့် တွေ့ဆုံညှိနှိုင်းမှုများပြုလုပ်ကာ နိုင်ငံရေးပြဿနာ များကို နိုင်ငံရေးနည်းဖြင့် အဖြေရှာရမည်သာ ဖြစ်သည်။ သို့မှသာ အချင်းချင်း အပြန်အလှန် နားလည်မှုရရှိပြီး စစ်မှန်သော ပြည်တွင်းငြိမ်းချမ်းရေးကို ရရှိမည် ဖြစ်သည်။

(၄) မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသော ပြည်တွင်းစစ် ရပ်စဲနိုင်ရေးအတွက် သော်လည်းကောင်း၊ ပြည်ထောင်စုကြီး၏ အနာဂတ်ကို အာမခံနိုင်မည့် စစ်မှန်သော တိုင်းရင်းသားစည်းလုံးညီညွတ်မှု ရရှိနိုင်ရေးအတွက် သော်လည်း ကောင်း ဒေါ်အောင်ဆန်းစုကြည်က တဖက်တလမ်းမှ လုပ်ကိုင် စွမ်းဆောင်နိုင်မည်ဟု ကျနော်တို့ တိုင်းရင်းသားလူမျိုးများ အနေဖြင့် ယုံကြည်သည်။

(၅) သို့ဖြစ်ပါ၍ ဤပြည်တွင်းစစ်ကို အမြန်ဆုံးရပ်စဲပြီး စစ်မှန်သော တွေ့ဆုံဆွေးနွေးမှုဖြင့် စစ်မှန်သော ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေး အပါအဝင် လက်တွေ့ကျသော နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို လက်ရှိ အစိုးရမှ ဦးဆောင်အကောင်အထည်ဖော်ရန် တောင်းဆိုလိုက်သည်။

တိုင်းရင်းသားလူမျိုးများကောင်စီ (ENC)
(ပြည်ထောင်စုမြန်မာနိုင်ငံ)

Contact number: +66 (0) 8 9434 3156